# MPRL E&P Group of Companies

*Build through Excellence ▪ Lead with Integrity*

## M&AOSB ၏ကမ်းလွန်ထောက်ပံ့ရေးအခြေစိုက်စခန်း (ငရုတ်ကောင်း) တည်ဆောက်ရန်အဆိုပြုချက်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုခဲ့ခြင်းနှင့်ပတ်သက်သည့်သတင်းထုတ်ပြန်ချက်

၂၀၁၇ ခုနှစ်၊ မေလ (၂၀) ရက်။

MPRL E&P Group of Companies ၏အဖွဲ့ဝင်ကုမ္ပဏီတစ်ခုဖြစ်သော Myint & Associates Offshore Supply Base Ltd. (M&AOSB) အနေဖြင့်၊ ကမ်းလွန်ရေနံလုပ်ကွက်များအတွက်ကမ်းလွန်ထောက်ပံ့ရေးအခြေစိုက်စခန်းတစ်ခုအား ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့နယ်ခွဲ၊ နံ့သာပုကျေးရွာအုပ်စုရှိကုမ္ပဏီပိုင်မြေဧက (၃၀) ပေါ်တွင်တည်ဆောက်ရန်အဆိုပြုချက်အားမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၇) ကသဘောတူခွင့်ပြုကြောင်းကိုမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC) ၏ dica.gov.mm website ၌ ယနေ့တွင်ထုတ်ပြန်ကြေငြာထားပြီးဖြစ်ပါသည်။

M&AOSB သည် MPRL E&P Group of Companies ၏ ဦးဆောင်ကုမ္ပဏီဖြစ်သော MPRL E&P Pte Ltd. နှင့်အခြားသောအဖွဲ့ဝင်ကုမ္ပဏီများဖြစ်သည့် Myint & Associates Co., Ltd.(M&A) ၊ Myanmar Petroleum Exploration & Production Co., Ltd.(MPEP) တို့ကဆောင်ရွက်လျက်ရှိသည့်ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများ၊ အဆိုပါလုပ်ငန်းများအားဝန်ဆောင်မှုပေးနေသောလုပ်ငန်းများကိုအဓိကအထောက်အကူပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့်၊ ယခုကဲ့သို့ ကမ်းလွန်ထောက်ပံ့ရေးအခြေစိုက်စခန်းတစ်ခုတည်ဆောက်ရန်ကြိုးပမ်းမှုများအား လွန်ခဲ့သော (၂) နှစ်ခန့်ကစတင်ဆောင်ရွက်ခဲ့ပြီး၊ ယခု ၂၀၁၇ ခုနှစ်၊ မေလတွင် MIC သို့အဆိုပြုတင်ပြနိုင်ခဲ့ခြင်းဖြစ်ပါသည်။

M&A သည် Energy Sector Service Provider အနေဖြင့်၊ ၁၉၈၉ ခုနှစ် မှစတင်ကာမြန်မာနိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးကမ်းလွန်လုပ်ကွက်များနှင့်ကုန်းတွင်းပိုင်းလုပ်ကွက်များတွင်လာရောက်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာရေနံရှာဖွေထုတ်လုပ်ရေးကုမ္ပဏီကြီးများအတွက် Catering & Housekeeping, Logistics Support & Procurement, Agency & Representation, Manpower Supply, Base Camp ဆောက်လုပ်ရေး၊ လမ်းဖောက်လုပ်ရေးအစရှိသည့်လုပ်ငန်းများတွင် ဝန်ဆောင်မှုလုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိပါသည်။

Vantage Tower, 623 Pyay Road, Kamayut Township 11041, Yangon, Myanmar
Tel : +951 230 7733 Fax : +951 230 7744 email : mprlstaff@mprlexp.com

အလားတူ MPRL E&P Pte Ltd. သည် ၁၉၉၆ ခုနှစ်ကစတင်တည်ထောင်ခဲ့ကာ မြန်မာနိုင်ငံအလယ်ပိုင်း ရှိမန်းရေနံမြေအထွက်တိုးစီမံကိန်းကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် PCC စာချုပ်ချုပ်ဆို ဆောင်ရွက်လျှက်ရှိပါသည်။ ထို့အပြင် ရခိုင်ကမ်းလွန်တောင်ပိုင်းလုပ်ကွက်အမှတ် A-6 ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများကို Operator အဖြစ် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် PSC စာချုပ်ချုပ်ဆိုကာ ၂၀၀၇ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ၊ လုပ်ကွက်အတွင်းရေတိမ်ပိုင်း သဘာဝဓာတ်ငွေ့တည်ရှိမှုကို ၂၀၁၂ ခုနှစ်၌ ပြည်သာတွင်းအမှတ်–၁ တူးဖော်၍လည်းကောင်း၊ ရေနက် ပိုင်းကြီးမားသည့် သဘာဝဓာတ်ငွေ့သိုက်တည်ရှိမှုကို ၂၀၁၆ ခုနှစ်တွင် ရွှေရည်ထွန်းတွင်းတူးဖော်၍ လည်းကောင်းရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်သကဲ့သို့၊ ယခုနှစ်ဒွန်လအတွင်းတွင်လည်းစီးပွားဖြစ်ထုတ်ယူနိုင်ခြင်း ရှိ/မရှိအား အကဲဖြတ်တွင်း (Appraisal Well) (၂) တွင်းကို တူးဖော်ပြီးဆက်လက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့နောက်၊ ဖွံ့ဖြိုးရေးအဆင့်နှင့်ထုတ်လုပ်ရေးအဆင့်တို့ကို ဆက်လက် ဆောင်ရွက်ရာတွင် အဆိုပါလုပ်ငန်းများကိုပံ့ပိုးနိုင်ရန် Offshore Supply Base လိုအပ်သည်ဖြစ်ရာ၊ ယခုကဲ့သို့ M&AOSB အနေဖြင့် ကမ်းလွန်ထောက်ပံ့ရေးအခြေစိုက်စခန်းတည်ဆောက်နိုင်ရန် အထူးလို အပ်လျှက်ရှိပါသည်။

ထို့အပြင် MPEP ကုမ္ပဏီသည်လည်း Non-Operator အနေဖြင့်၊ မြန်မာ့အနောက်ဘက်ကမ်းလွန်ရှိ လုပ်ကွက်အမှတ် A-4၊ လုပ်ကွက်အမှတ် A-7 များတွင် Shell / Woodside စသောနိုင်ငံတကာရေနံရှာ ဖွေတူးဖော်ရေးကုမ္ပဏီကြီးများနှင့် ဖက်စပ်လုပ်ကိုင်လျှက်ရှိရာ၊ ကမ်းလွန်လုပ်ကွက်များ၌ ပူးပေါင်း ဆောင်ရွက်လျှက်ရှိသော ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများအတွက် M&AOSB အနေဖြင့်၊ ကမ်းလွန်ထောက်ပံ့ရေးအခြေစိုက်စခန်းတစ်ခုရှိရန်လိုအပ်ချက်အရ ယခုလုပ်ငန်းကို အဆိုပြုလျှောက်ထားခဲ့ခြင်းလည်းဖြစ်ပါသည်။

ကမ်းလွန်ထောက်ပံ့ရေးအခြေစိုက်စခန်းတည်ဆောက်လုပ်ကိုင်သောလုပ်ငန်းသည်၊ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုဥပဒေပုဒ်မ (၄၂) အရ၊ ကန့်သတ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစား (၄) မျိုးအနက်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏အတည်ပြုချက်ဖြင့်ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပါဝင်ပြီး၊ ၂၀၁၇ ခုနှစ်၊ ဧပြီလ (၁၀) ရက်ထုတ်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏အမိန့်ကြော်ငြာစာ အမှတ် (၁၅/၂၀၁၇)အရ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏အတည်ပြုချက်ရယူဆောင်ရွက်ရမည့် လုပ်ငန်းလည်းဖြစ်သည့်အားလျော်စွာ MPRL E&P Group of Companies ၏ အဖွဲ့ဝင်ကုမ္ပဏီတစ်ခု ဖြစ်သည့် M&AOSB အနေဖြင့် အထက်ပါဥပဒေ၊ ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပြု လျှောက်ထားခဲ့ရာ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှယခုကဲ့သို့ခွင့်ပြုမိန့်ရရှိခဲ့ခြင်းဖြစ်ပါသည်။

ယခုလုပ်ငန်းနှင့်ပတ်သက်၍ M&AOSB အနေဖြင့်၊ အဆိုပါနေရာတွင်ရင်းနှီးမြှုပ်နှံခွင့်ကာလ နှစ် (၃၀) ရရှိခဲ့ပြီးဖြစ်ကာ၊ စီမံကိန်းတစ်ခုလုံးအတွက် ကျပ် (၅၀) ဘီလီယံခန့်ကိုရင်းနှီးမြှုပ်နှံသွားရန်လျာထားပြီး ဖြစ်ပါသည်။ ကနဦး စီမံကိန်းအချိန်ဇယားအရ ၂၀၁၇ ခုနှစ်၊ ဇွန်လမှနိုဝင်ဘာလအတွင်း အဆိုပြု လုပ်ငန်းမြေနေရာကိုရှင်းလင်းပြုပြင်ခြင်းနှင့် ESIA အပါအဝင်၊ Front End Engineering လုပ်ငန်းဆိုင် ရာအသေးစိတ်အခြေအနေများကိုဆန်းစစ်လေ့လာမှုပြုမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလမှစတင်ကာ ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများကိုသတ်မှတ်ကာလအပိုင်းများအလိုက်ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။ နိုင်ငံတော်အနေဖြင့် M&AOSB ၏ယခုလုပ်ငန်းစီမံကိန်း၏ပထမ (၁၀) နှစ်အတွင်းမှာပင် ဘဏ္ဍာ ရေးဆိုင်ရာအကျိုးကျေးဇူးအဖြစ် ကျပ် (၂၅) ဘီလီယံကျော် ရရှိနိုင်မည်ဟုလည်းခန့်မှန်းထားပါသည်။

ယင်းအပြင်၊ ဒေသတွင်းအလုပ်အကိုင်များဖန်တီးပေးနိုင်ခြင်း၊ ဒေသနေပြည်သူများအပါအဝင်မြန်မာ နိုင်ငံသားများအတွက်နည်းပညာနှင့်လုပ်ငန်းအတွေ့အကြုံများရရှိခြင်း၊ အစိုးရအပါအဝင်ကမ်းလွန်ရေနံ ရှာဖွေတူးဖော်ရေး Operator ကုမ္ပဏီကြီးများအတွက်အချိန်နှင့်ကုန်ကျစရိတ်သက်သာစေခြင်း၊ နိုင်ငံ တော်နှင့်သက်ဆိုင်ရာဧရာဝတီတိုင်းဒေသကြီးအတွင်း၊ စီးပွားရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးမားစွာ အထောက်အကူဖြစ်စေခြင်းအစရှိသည့် အကျိုးကျေးဇူးများကိုလည်း ရရှိစေမည်ဖြစ်ပါသော ကြောင့် M&AOSB ၏ ကမ်းလွန်ရေနံလုပ်ကွက်များအတွက် ကမ်းလွန်ထောက်ပံ့ရေးအခြေစိုက်စခန်း (ငရုတ်ကောင်း)တည်ဆောက်ခွင့်အဆိုပြုချက်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကသဘောတူခွင့် ပြုခဲ့ခြင်းအပေါ် MPRL E&P Group of Companies အနေဖြင့်များစွာဂုဏ်ယူဝမ်းမြောက်ရပါကြောင်း သတင်းထုတ်ပြန်ဖော်ပြအပ်ပါသည်။

*******************************************************

**Media** များဆက်သွယ်မေးမြန်းလိုပါက–

ဦးတင့်ဆွေ

**Executive Director**
**Government & Public Affairs**
**MPRL E&P Group of Companies**
**Email : tint.swe@mprlexp.com**
**Tel : +95 1 230 7733**

***********************************************************